# SIREN report

**STRATEGIC INFORMATION RESPONSE NETWORK**

**မဲခေါင်မြစ်ဝှမ်းဒေသအတွင်းလူကုန်ကူးခြင်းကိုတိုက်ဖျက်သည့်ကုလသမဂ္ဂအစီအစဉ် (UNIAP): Phase III**

**BANGKOK, THAILAND**

၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက် | TH-02

## ထိုင်းနိုင်ငံရှိ လူကုန်ကူးမှုနှင့် ကျေးကျွန်ပြုမှုကို တရားစီရင်နိုင်ရန် အတွက် ရှေ့နေများ ဘာတွေလိုအပ်နေသလဲ?

### ရှေ့တန်းကျကျ ပါဝင်ဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများအတွက် ရှေ့နေများ၏ လမ်းညွှန်ချက်များ

| | |
|---|---|
| အဓိကအကြောင်းအရာ | • တည်နေရာ - ထိုင်းနိုင်ငံ<br>• ခေါင်းစဉ် - လုပ်အားကုန်ကူးမှု - တရားစွဲဆိုခြင်း<br>• စိစစ်မှုပုံစံ - ဥပဒေကြောင်းအရပြန်လည်သုံးသပ်ချက် |
| ရည်ရွယ်ချက် | ရှေ့တန်းကျကျဆောင်ရွက်နေသည့် NGO များနှင့် အာဏာပိုင်များအား ပြစ်မှုဆိုင်ရာတရားစီရင်ရေးလုပ်ထုံးလုပ်နည်းများ အပါအဝင် လူကုန်ကူးသူများ၊ ခေါင်းပုံဖြတ်သူများနှင့် ကျေးကျွန်ပြုသူများအား ပိုမို အောင်မြင်စွာ တရားစွဲဆိုနိုင်ရန်အတွက် မည်ကဲ့သို့ ပူးပေါင်းဆောင်ရွက်နိုင်သည်ကို ပိုမိုနားလည် သဘောပေါက်စေရန်။ |
| ရေးသားသူ | လူ့အခွင့်အရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့(HRDF)<br>info@hrdfoundation.org |

လူ့အခွင့်အရေးဆိုင်ရာရှေ့နေ Somchai Homlaor ဦးဆောင်သော“လူ့အခွင့်အရေးနှင့်ဖွံ့ဖြိုး တိုး တက်ရေး အဖွဲ့” (HRDF) သည် အလွန်ဆိုးရွားသည့် လုပ်အားခေါင်းပုံဖြတ်မှုနှင့်လူကုန်ကူးမှုဖြစ်စဉ်များကို ကိုင်တွယ် ဖြေရှင်းနေသည့် ထိုင်း ရှေ့နေများ ပါဝင်သောလုပ်ငန်းအဖွဲ့တစ်ခုကို ၂၀၀၇ ခုနှစ် ဩဂုတ်လ တွင်စတင်တည်ထောင်ခဲ့သည်။ Palermo Protocol[၁] နှင့်ကိုက်ညီသည့်လူကုန်ကူးမှုတိုက်ဖျက်ရေး ဥပဒေကိုပြဋ္ဌာန်းခြင်းမပြုရသေးသဖြင့် ယင်းရှေ့နေများသည် ထိုင်းနိုင်ငံ၏ လက်ရှိကျင့်သုံးနေသည့် ပြစ်မှုဆိုင်ရာ ဥပဒေနှင့် တရားမဥပဒေများကို နည်းလမ်း အသွယ်သွယ်ဖြင့် အသုံးပြုကာ လူကုန်ကူးမှုအားတရားစွဲဆိုရာ၌ အံ့သြချီးကျူးဖွယ်ကောင်းလောက်သည့် အောင်မြင်တိုးတက်မှုများ ရရှိခဲ့ကြသူများဖြစ်သည်။

၂၀၀၈ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ လူကုန်ကူးမှုတိုက်ဖျက်ရေး ဥပဒေသစ်ကိုအတည်ပြုပြဋ္ဌာန်းနိုင်လိမ့်မည်ဟု မျှော်လင့်ရသည်။ ယင်းဥပဒေသစ်အရ လူကုန်ကူးမှုဖြစ်စဉ်များကို တရားစွဲရာတွင် တိုးတက်မှု

[၁] ကုလသမဂ္ဂ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ နောက်ဆက်တွဲစာချုပ်

များစွာရရှိလာမည်ဖြစ်သည်။ ထိရောက်ပြီးပြည့်စုံသည့်လူကုန်ကူးမှုတိုက်ဖျက်ရေးဥပဒေ မရှိသေးသည့်အတွက်လုပ်အားကုန်ကူးခံရမှုကို တရားစွဲဆိုနိုင်ရေး ကြိုးပမ်းရာတွင် တည်ဆဲထိုင်း ဥပဒေများကိုပင် နည်းလမ်းတီထွင်ကြံဆ၍ အဖြေရှာနိုင်သော ရှေ့နေကောင်းများ၏ကြိုးပမ်းအားထုတ်မှု လိုအပ်ပါသည်။

၂၀၀၇ ခုနှစ် ဧပြီလအတွင်း ရှေ့နေ Siriwan Vongkietpaisan ဦးဆောင်မှုဖြင့်သက်တမ်းနှစ်(၅၀)ရှိပြီဖြစ်သော ကျေးကျွန် ပြုမှုတိုက်ဖျက်ရေးဥပဒေကို အသုံးပြုကာ ပထမဆုံးအကြိမ်အောင်မြင်စွာ တရားစွဲဆိုနိုင်ခဲ့သောအမှုက နည်းလမ်းတီထွင်ကြံဆ၍ အဖြေရှာနိုင်မှုကိုသက်သေပြနေပါသည်။ အဆိုပါအမှုတွင်ထိုင်း အိမ်ဖော်တစ်ဦးကိုလူကုန်ကူးပြီး ရက်စက်စွာညှဉ်းပန်းနှိပ်စက်ခဲ့သည့် မိသားစုတစ်စုအား အရေးယူနိုင်ခဲ့သည်။ အာဏာပိုင်အချို့က အသုံးပြုခဲ့သောဥပဒေအရအိမ်ဖော်အားလုပ်ငန်းခွင်တွင်ချုပ်နှောင်ခံထားရခြင်းမျိုးရှိရန်လိုအပ်သည် ဟုပြောကြားခဲ့သော်လည်း တရားရုံးမှ ယင်းအမှုကိုခြေပြု၍နစ်နာသူ တစ်ဦးအားခြေချင်းခတ်ချုပ်နှောင်ထားခြင်းမရှိသည့်တိုင်ကျေးကျွန်ပြုမှုမြောက်သည်ဟုလက်ခံသက်သေပြနိုင်ခဲ့သည်။

ဤအစီရင်ခံစာသည် လူကုန်ကူးမှုဖြစ်စဉ်များဖော်ထုတ်နိုင်ရေးကြိုးပမ်းနေသောရှေ့တန်းကျကျပါဝင်ဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများအတူတကွပူးပေါင်းဆောင်ရွက်ရာ၌ လူကုန်ကူးမှုကိုနားလည်သဘောပေါက်၍ အမှုများဖော်ထုတ်နိုင်ရေး၊ အကာအကွယ်ပေးရန်လိုအပ်နေသူများအားအကာအကွယ်ပေးရေး၊ ပြစ်ဒဏ်ထိုက်သူများအားအရေးယူနိုင်ရေးနှင့် ယနေ့ထိုင်းနိုင်ငံ တွင်ဖြစ်ပေါ်နေသောလူကုန်ကူးမှုကိုပိုမိုထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ရေးတို့တွင်အကူအညီပေးနိုင်ရန် HRDF ဦးဆောင်သည့်ဥပဒေဆိုင်ရာလုပ်ငန်းအဖွဲ့က ကြိုးပမ်းအားထုတ်မှုရလဒ်ဖြစ်ပါသည်။

## *လူကုန်ကူးခြင်းခံရသည့်နစ်နာသူများအား ကယ်တင်ရာမှတွေ့ရှိခဲ့သည့် အခြေအနေနှင့်ကိစ္စရပ်များ*

**နစ်နာသူများကယ်တင်ရေးအတွက်လမ်းညွှန်ဥပဒေသများ** - လူကုန်ကူးခံရသော၊ ခေါင်းပုံဖြတ်ခံရသောနစ်နာသူများအား ကယ်တင်နိုင်ရန်အတွက် အစီအမံများကိုတတ်နိုင်သရွေ့လျှင်မြန်အောင်အခြေအနေပေါ်တွင် မူတည်၍အတတ်နိုင်ဆုံးပြည့်စုံကောင်းမွန်အောင်ပြုလုပ်သင့်သည်။ ပြီးပြည့်စုံကောင်းမွန်သောအစီအမံများ အလျင်အမြန်ရေးဆွဲသင့်သည်။ ယင်းတို့ကို သိသင့်သိထိုက်သူများကိုသာ အသိပေးထားရမည်။

### ကယ်တင်မှုမတိုင်မီ အစီအစဉ်ရေးဆွဲခြင်း

- နစ်နာသူများအား ဖမ်းဆီးထားသည်ဟုယူဆရသော အဆောက်အဦ၊ နေရာများအားမြေပုံဖြင့်အသေးစိတ်ရေးဆွဲရာတွင်ထွက်ပြေးလွတ်မြောက်နိုင်သည့်လမ်းကြောင်းများပါမကျန်ထည့်သွင်းရေးဆွဲသင့်သည်။ ယင်းနေရာများကိုဝင်ရောက်စီးနင်းမှုမပြုမီ စုံစမ်းစစ်ဆေးမှုများပြုလုပ်ရာ၌ နစ်နာသူများအား ပိတ်လှောင်အကျဉ်းချထားသည့် လျှို့ဝှက်နေရာများကိုလည်း သေချာတိကျစွာ ဖော်ထုတ်သင့်သည်။
- ကယ်တင်မှုမစတင်မီ ကယ်တင်ရမည့်နစ်နာသူများ၏ခန့်မှန်းအရေအတွက်နှင့်အခြားပါဝင်သူ ပတ်သက်သူများ၏အရေအတွက်စသည့် သတင်းအချက်အလက်များကို ပြည့်စုံသည်ထက်ပြည့်စုံအောင် စုဆောင်းထားသင့်သည်။
- သတင်းပေါက်ကြားနိုင်သည့် အချိန်ကာလကန့်သတ်ချက်ရှိသဖြင့် ရှာဖွေဝရမ်းရရှိသည်နှင့်တစ်ပြိုင်နက်ဆက်လက်ဆောင်ရွက်ရန်ရှိသည်များကို အလျင်အမြန်ဆောင်ရွက်ရန်လိုအပ်သည်။

- အာဏာပိုင်အဖွဲ့အစည်းများနှင့် အခြားအဖွဲ့အစည်းများ၏လုပ်ငန်းတာဝန်နှင့် အခန်းကဏ္ဍများ၊ လိုအပ်ချက်များကို ကွဲကွဲပြားပြားနားလည်သဘောပေါက်ထားသင့်သည်။ ဝရမ်းနှင့်သက်ဆိုင်သောတရားစီရင်ပိုင်ခွင့်ကိုလည်းရှင်းလင်းစွာနားလည်ထားကြရမည်။ နစ်နာသူများလိုအပ်သည့်အကူအညီများကို မည်သူကပေးရမည်ကိုလည်းတိကျစွာ သိထားသင့်သည်။
- ကယ်တင်ရမည့်နစ်နာသူအရေအတွက် များပြားမည့်အလားအလာရှိပါက ယင်းတို့ခိုလှုံရမည့်နေရာများအားလုံလောက်စွာ ကြိုတင်သတ်မှတ်ထားသင့်သည်။
- သက်သေစုဆောင်းရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများအတွက် လိုအပ်သော ပစ္စည်းကိရိယာများဖြစ်သည့် ကင်မရာ၊ အသံဖမ်းစက်၊ ဗွီဒီယိုကင်မရာ၊ အသံချဲ့စက် ကဲ့သို့သောပစ္စည်းများကို ကယ်တင်မှုမစတင်မီ အချိန်မီစီစဉ်ထားသင့်သည်။
- လူကုန်ကူးခြင်းခံရသူများအား စိစစ်ရန်အတွက် လေ့ကျင့်ထားသော နှစ်သိမ့်ဆွေးနွေးပညာပေးနိုင်သူများ/အရာရှိများ အလုံအလောက်ထားရှိသင့်သည်။
- ကယ်ဆယ်ရေးအတွက် အရည်အချင်းပြည့်မီသောစကားပြန်များ အလုံအလောက် ထားရှိသင့်သည်။
- စီးနင်းခြင်းနှင့်ကယ်တင်ခြင်းပြုလုပ်မည့်အချိန်ကို သတ်မှတ်ရာတွင် စိစစ်ရမည့်အလုပ်သမား အရေအတွက်နှင့်အချိန်၊ ခေတ္တထိန်းသိမ်းစောင့်ရှောက်မည့်နေရာသို့ပို့ဆောင်ရမည့်အချိန်တို့အား ထည့်သွင်းတွက်ချက်ပြီး ဥပဒေအရ အကျုံးဝင်မည့်အချိန်တို့ကို သတ်မှတ်ရမည်ဖြစ်သည်။
- များစွာသောကိစ္စရပ်တို့တွင် နယ်မြေခံအာဏာပိုင်တို့နှင့် စီးပွားရေးသမားတို့အကြား အနီးကပ်ဆက်နွယ်ပတ်သက်နိုင်မှုများကြောင့်ဖြစ်လာနိုင်သောပဋိပက္ခများကိုရှောင်ရှားနိုင်ရန် ဗဟိုအာဏာပိုင်များနှင့် တိုက်ရိုက်ပူးပေါင်းဆောင်ရွက်ရမည်။
- တရားဥပဒေစိုးမိုးရေးဆိုင်ရာ မဟာမိတ်အဖွဲ့အစည်းများကိုလည်း တိတိကျကျသိထား ရန်လိုအပ်သည်။ လူကုန်ကူးမှု သို့မဟုတ် ခေါင်းပုံဖြတ်မှုတစ်ခုကိုစုံစမ်းဖော်ထုတ်ရန်အတွက်အာဏာပိုင်အဖွဲ့တွင် အဖွဲ့အစည်းတစ်ခုထက်မကရှိနိုင်သည်။ သို့မှသာတစ်ဖွဲ့ကမဆောင်ရွက်နိုင်သည်ကိုအခြားအဖွဲ့က ဖြည့်ဆည်းဆောင်ရွက်နိုင်မည်ဖြစ်သည်။

## ***တိကျသောအချက်အလက်သစ်များအား အသေးစိတ် မှတ်တမ်းတင်နိုင်ရေးအတွက် သက်သေခံပစ္စည်းများနှင့် မျက်မြင်သက်သေတို့၏ ထွက်ဆိုချက်များကို အလျင်အမြန် ရှာဖွေစုဆောင်းရမည်။***

ဝင်ရောက်စီးနင်းမှုမတိုင်မီ သိရှိထားရမည့် သတင်းအချက်အလက်များကို ပြန်လည်သုံးသပ်ပြီးနောက်မည်သည့်ပုဒ်မဖြင့်အရေးယူနိုင်သည်၊ အဆိုပါပုဒ်မများအတွက်လိုအပ်သည့် သက်သေခံပစ္စည်းအဆင့်အတန်းစသည်တို့ကို ထည့်သွင်းစဉ်းစားသင့်သည်။ လူကုန်ကူးမှုနှင့် ပတ်သက်၍အသုံးချနိုင်သောဥပဒေများတွင် “အမျိုးသမီးနှင့်ကလေးသူငယ်များကို လူကုန်ကူးခြင်းအားတိုက်ဖျက်ခြင်းနှင့် ကာကွယ်တားဆီးရေး လုပ်ငန်းစဉ်များ အက်ဥပဒေ (၁၉၉၇)”၊ “အလုပ်သမားကာကွယ်ရေးအက်ဥပဒေ (၁၉၉၈)” နှင့် ပြစ်မှုဆိုင်ရာပုဒ်မအမျိုးမျိုးတို့ပါဝင်နေကြသဖြင့်ယခုအခါ စိန်ခေါ်နေသကဲ့သို့ဖြစ်နေသည်။ လူကုန်ကူးမှုတိုက်ဖျက်ရေးဥပဒေတစ်ခုအောက်တွင်လိုအပ်သောသက်သေခံပစ္စည်းအဆင့်အတန်းများကို နားလည်သဘောပေါက်ထားခြင်းက အမှုတစ်ခုကိုဖော်ထုတ်နိုင်ရန်အတွက် လိုအပ်ချက်များကိုဖော်ပြပေးမည်ဖြစ်သည်။

- **အခင်းဖြစ်ပွားရာနေရာတွင်သက်သေခံစုဆောင်းခြင်း**
- အမှုတစ်ခုအားအောင်မြင်စွာတရားစွဲဆိုနိုင်ရန်အတွက် ဝင်ရောက်စီးနင်းစဉ်/ကယ်ဆယ် စဉ်ကာလအတွင်း ဝင်ရောက်စီးနင်းသည့်နေရာမှ သင့်လျော်သော သက်သေခံပစ္စည်းများကိုစုဆောင်းရမည်ဖြစ်သည်။ သို့မှသာ လူကုန်ကူးခံရသည့် နစ်နာသူ၊ မျက်မြင်သက်သေတို့၏ ထွက်ဆိုချက်တစ်ခုတည်းကိုသာ အားမထားရဘဲ ကျယ်ပြန့်သည့် အခြားသက်သေခံ အထောက်အထားများဖြင့် အမှုတည်ဆောက်နိုင်မည်ဖြစ်သည်။ ယင်းသက်သေခံပစ္စည်းများတွင် စာရွက်စာတမ်းများ၊ အလုပ်ပါမစ်များ၊ လစာငွေဖြတ်ပိုင်းများ၊ ငွေစာရင်း စာအုပ်များနှင့်လက်နက်များတို့ကိုဓာတ်ပုံမှတ်တမ်းရိုက်ယူခြင်းနှင့် မျက်မြင်သက်သေတို့၏ ပြောကြားချက်တို့ ပါဝင်သည်။
- လူကုန်ကူးခံရသည့်နစ်နာသူတို့၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ယင်းတို့၏ဘာသာစကားဖြင့် ပြောဆိုနိုင်မှုသည် ယင်းတို့အားကယ်ဆယ်ရာတွင် အရေးပါသည့် အခန်းကဏ္ဍတစ်ခု ဖြစ်သည်။ သို့သော်ဘာသာစကား အခက် အခဲများရှိခြင်း၊ လူကုန်ကူးသူများကနှစ်ပေါင်း/လပေါင်းများစွာ နစ်နာသူများအပေါ်ခြိမ်းခြောက်ခြင်းနှင့် အနိုင်အထက်ပြုကျင့်ခြင်းများပြုလုပ်ထားကြသဖြင့် နစ်နာသူများ၏ပူးပေါင်းပါဝင်မှုအားနည်းပြီး ယင်းတို့၏ အခန်းကဏ္ဍကင်းမဲ့လျက်ရှိတတ်သည်။ လူကုန်ကူးခံရသည့်နစ်နာသူများ အနေနှင့် ယင်းတို့ရသင့်ရထိုက်သည့် အခွင့်အရေးများနှင့် ယင်းတို့၏အခြေအနေများကို နားလည်သဘောပေါက်မှု မရှိခြင်းကြောင့်လည်း သတင်းအမှားများရခြင်း/သတင်းမရခြင်းတို့ဖြစ်နိုင်သည်။အထူးသဖြင့်ယင်းအခြေအနေမျိုးမှာစာရွက်စာတမ်း မရှိသော/မှတ်ပုံမတင်ထားသော ရွှေ့ပြောင်းအလုပ်သမားများတွင်ဖြစ်လေ့ရှိသည်။ နစ်နာသူများအနေနှင့် အလုပ်ရှင်များ၊ အာဏာပိုင်များကိုကြောက်ရွံ့ခြင်းကြောင့် ယင်းတို့အားကယ်တင်ရန်ကြိုးစားနေသည့် အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များကိုပင်ယုံကြည်ရန် အခက်အခဲဖြစ်ကြရသည်။ ကျွမ်းကျင်သူ ပညာရှင်များက နစ်နာသူများ၊ မျက်မြင်သက်သေများထံမှလိုအပ်သောသတင်းအချက်အလက်များစုဆောင်းနိုင်ရန်၊ ယင်းတို့၏ ဘာသာစကားဖြင့်ဆက်သွယ်ဆောင်ရွက်နိုင်ရန်နှင့်ယုံကြည်မှုအလျင်အမြန်တည်ဆောက်နိုင်ရန်လည်းလိုအပ် လှပေသည်။ ယင်းတို့၏သဘောတူညီမှုဖြင့်သာထိုသို့ဆောင်ရွက်နိုင်မည်ဖြစ်သည်။
- ညှိနှိုင်းဆောင်ရွက်ရေးအေဂျင်စီတစ်ခုထားရှိပြီး ယင်းအေဂျင်စီအနေနှင့် ကယ်ဆယ်ရေးမပြုလုပ်မီအစီအစဉ် ရေးဆွဲခြင်းနှင့်ကယ်ဆယ်ရေးလုပ်ငန်းအဆင့်ဆင့်တို့ကိုအကောင်အထည်ဖော်ရာ၌ ကြီးကြပ်ကွပ်ကဲသင့်သည်။

## အလုပ်သမားနှင့်ပြစ်မှုဆိုင်ရာ တရားရုံးများတွင် တရားစွဲဆိုအရေးယူနိုင်ရန် လူကုန်ကူးခံရသည့် နစ်နာသူများအား ကြိုတင်ပြင်ဆင်ခြင်း

တရားရုံးများတွင် တရားသဖြင့်ဖြစ်အောင်ရင်ဆိုင်ရန် ရွေးချယ်လိုက်သောနစ်နာသူများကို ခိုင်မာသောမျက်မြင်သက်သေများအဖြစ် အမှုတည်ဆောက်နိုင်ရန် ရှေ့နေများ၊ NGO များ၊ ဆရာဝန်များနှင့်စိတ်ပညာရှင်များကဲ့သို့သော ပုဂ္ဂိုလ်တို့၏ အနီးကပ်ပူးပေါင်းဆောင်ရွက်မှု လိုအပ်သည်။ ဆေးမှတ်တမ်းများမှာလည်း အလုပ်ရှင်များ၏လက်ထဲ၌ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုမှု အခြေအနေများကို သက်သေပြရာ၌အရေးကြီးသည်။ လူကုန်ကူးခံရသည့်နစ်နာသူများအား စစ်ဆေးမှုအလျင်အမြန်ပြုလုပ်ရန်လည်းလိုအပ်သည်။ ဤသို့ပြုလုပ်နိုင်ရန်အတွက် ယင်းတို့၏သဘောတူလိုက်လျောမှုလည်းလိုအပ်သည်။

မှတ်ပုံတင်ထားခြင်းမရှိသော ရွှေ့ပြောင်းအလုပ်သမားများအနေနှင့် အထက်ဖော်ပြပါ စိန်ခေါ် မှုများအပြင် တရားရုံးများတွင် အမှုတည်ဆောက်ရန်အခက်အခဲများလည်း ရှိနေသေးသည်။ အထောက်အထား စာရွက်စာတမ်း/ မှတ်ပုံတင်ရှိသောအလုပ်သမားများသည်ပင်လျှင် အမှု စစ်ဆေးစဉ်ကာလအတွင်းအစိုးရစီစဉ်ပေးသောခိုလှုံရေးစခန်းတွင်နေထိုင်ပြီး အမှုပြီးပြတ်ပါက မိမိတို့မိခင်နိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးခြင်းခံရမည်ဖြစ်ကြောင်း သဘောပေါက်နားလည် ထားမှသာအမှုရင်ဆိုင်နိုင်မည်ဖြစ်သည်။ အလုပ်သမားအားလုံးအတွက် ဥပဒေကြောင်းအရ

အကာအကွယ်ပေးရန်လိုအပ်ပြီး မှတ်ပုံတင်ထားခြင်းမရှိသော အလုပ်သမားများအနေနှင့် ယင်းတို့ကိုယ်တိုင် ကာကွယ်နိုင်စွမ်းနည်းပါးသည်ကို နားလည်မှုပေးပြီးဖြေရှင်းပေးရမည်ဖြစ်သည်။

ပင်လယ်ပြင်၌အချိန်ကြာမြင့်စွာအလုပ်လုပ်ကြရသောမှတ်ပုံတင်ထားသည့် ရွှေ့ပြောင်းအလုပ်သမားများမှာမူ ပင်လယ်ပြင်၌ရှိနေစဉ်ကာလအတွင်း ယင်းတို့၏အလုပ်မှတ်ပုံတင်သက်တမ်းကုန်ဆုံးပြီးထပ်မံသက်တမ်းတိုးနိုင်သည့်နည်းလမ်းမရှိခြင်းမျိုးကြုံတွေ့ရနိုင်သည်။ အချို့သောအလုပ်ရှင်နှင့်ငါးဖမ်းစက်လှေဦးစီးများသည် ထိုသက်တမ်းကုန်သောအလုပ်သမားများအတွက် စာရွက်စာတမ်းအတုများ၊ သင်္ဘောသားစာအုပ်အတုများပြုလုပ်ပေးပြီး မမှန်မကန်ဖော်ပြမှုများဖြည့်စွက်ကာတရားရုံး၌အမှုရင်ဆိုင်ရာတွင်ထိုအချက်ကိုအသုံးချကြသည်။ အလုပ်ရှင်များသည် နစ်နာကြေး၊ လျော်ကြေးတောင်းခံနေသော ထိုအလုပ်သမားများကို ယင်းတို့ငှားရမ်းခဲ့သော အလုပ်သမားများ မဟုတ်ကြောင်းစသည့်ဖြင့် အခိုင်အမာထွက်ဆိုလာနိုင်သည်။ ဤအခြေအနေမျိုးတွင် အခြားထောက်ခံမှုပေးမည့် ဓာတ်ပုံအထောက်အထားနှင့် မျက်မြင်သက်သေများ၏ ထွက်ဆိုချက်များသည် အလုပ်သမားဖြစ်သည်မှာ မှန်ကန်ကြောင်းတရားရုံး၌တင်ပြနိုင်သည့်အရေးကြီးသည့်သက်သေများဖြစ်ပါသည်။

**နစ်နာသူအဖြစ်သတ်မှတ်ခံရသူများအားဆက်လက်ပေးရမည့်အကူအညီနှင့်စောင့်ရှောက်မှု**

- အလုပ်ရှင်မှအလုပ်သမားများနှင့် ပတ်သက်သည့်ကိစ္စရပ်များနှင့် တာဝန်ဝတ္တရားအားလုံးကို အခြားပုဂ္ဂိုလ်တစ်ဦးဦးထံသို့ လွှဲပြောင်းပေးအပ်ထားပါက ခေါင်းပုံဖြတ်သူအလုပ်ရှင်အား အမှုဖွင့်အရေးယူရန် အခက်အခဲဖြစ်ပေါ်လာနိုင်သည်။ သာဓကအားဖြင့် သင်္ဘောလုပ်သားများ၏တာဝန်ကို သင်္ဘောမာလိန်မှူးသို့လွှဲပြောင်းပေးခြင်း သို့မဟုတ် စက်ရုံလုပ်သားများ၏တာဝန်ကို ကြီးကြပ်ရေးမှူးသို့ လွှဲပြောင်းပေးခြင်းမျိုးဖြစ်သည်။ အမှန်တကယ်၌ လုပ်ငန်းခွင်ရှိ အလုပ်သမားများနှင့်ပတ်သက်သည့် ကိစ္စရပ်များနှင့် ရပိုင်ခွင့်အားလုံးကို ယင်းစီးပွားရေး လုပ်ငန်းပိုင်ရှင်က တာဝန်ယူရန် ထိုင်းဥပဒေအရသတ်မှတ်ထားသည်။
- ပြစ်မှုဆိုင်ရာများ နှင့် အလုပ်သမား/တရားမကြောင်းဆိုင်ရာအမှုများအကြား အပြန်အလှန်အကျိုးဖြစ်ထွန်းနိုင်ရန်အတွက်အချိန်ကိုက်ဆောင်ရွက်ရမည်။ အမှုတစ်ခုက အခြားအမှုတစ်ခုအား အထောက်အပံ့ပေးနိုင်ရန်လိုအပ်သည်။
- လူကုန်ကူးခြင်းခံရသည့်နစ်နာသူများ၏ ဘဝပြန်လည်တည်ဆောက်ရေးသာမကအလုပ်ရှင်နှင့် အခွင့်အရေးချိုးဖေါက်သူတို့အား တရားစွဲဆိုနိုင်ရန် နစ်နာသူများအတွက် ယုံကြည်မှုတည်ဆောက်ပေးရန် အရေးကြီးသည်။ နစ်နာသူတစ်ဦးအနေနှင့် မိမိအပေါ်တွင်ဩဇာလွှမ်းမိုးထိန်းချုပ်ခဲ့သည့် အလုပ်ရှင်ပုဂ္ဂိုလ်အားဆန့်ကျင်၍ မျက်မြင်သက်သေ အဖြစ်ထွက်ဆိုရန်မှာ အလွန်ခက်ခဲတတ်ပေသည်။ သို့သော် ရှေ့နေများအနေနှင့် တရားမျှတသောစီရင်ချက်ရရှိရန်၊ အလုပ်ရှင်များ၏ခေါင်းပုံဖြတ်မှုကို အဆုံးသတ်စေရန် နစ်နာသူများထံမှ ထွက်ဆိုချက်ရရှိရန် အထူးလိုအပ်လှပါသည်။
- တရားရုံးလုပ်ငန်းစဉ်အားအနှောင့်အယှက်မဖြစ်စေရန်နစ်နာသူများနှင့်မျက်မြင်သက်သေများအတွက် ကာကွယ်စောင့်ရှောက်မှုအစီအစဉ်များကိုအသုံးပြုသင့်သည်။
- တရားစီရင်နေသည့်ကာလတစ်လျှောက်တွင် ခြိမ်းခြောက်ခံရသည့်အပြုအမူများ ရှိ/မရှိ သတိထားရမည်။ တရားရုံးပြင်ပတွင် မျက်မြင်သက်သေများအားအလုပ်ရှင်ဘက်မှ ဓာတ်ပုံရိုက်ယူခြင်းကဲ့သို့သော ခြိမ်းခြောက်ခံရမှုများရှိပါက တရားသူကြီးထံသတင်းပေးပို့ရမည်။
- လူကုန်ကူးခံရသူနစ်နာသူများအား ယာယီဂေဟာများတွင် နေရာချထားရန်မှာ အမြဲတမ်းမသင့်လျော်ပါ။ ဝင်ငွေရရှိရေးနှင့် မိခင်နိုင်ငံသို့ပြန်လည်ပို့ဆောင်ရေးတို့ပါဝင်သည့် နောက်ဆက်တွဲကူညီထောက်ပံ့ရေး အစီအစဉ်များဖြင့် တစ်ဦးချင်းစီ၏လိုအပ်ချက်များကိုဖြည့်ဆည်းပေးရမည်။

HRDF-led legal working group နှင့် UNIAP တို့၏လုပ်ငန်းများကို အသေးစိတ်သိလိုပါက Human Rights Development Foundation info@hrdfoundation.org နှင့် Paul Buckley paul.buckley@undp.org တို့အားဆက်သွယ်မေးမြန်းနိုင်ပါသည်။

**UNIAP: www.no-trafficking.org**

ဤအစီရင်ခံစာတွင်ပါဝင်သော အချက်အလက်အများသည် UNIAP ၏တရားဝင်ထုတ်ပြန်ထားသောအချက်အလက်များမဟုတ်ပါ။ ဖော်ပြထားသောသတင်းအချက်အလက်များ၊ ထင်မြင်သုံးသပ်ချက်များနှင့်ခိုင်လုံမှန်ကန်မှုတို့သည် မူရင်းသတင်းထုတ်ပြန်သူ၏တာဝန်သာဖြစ်ပါသည်။